ACC Against COVID-19



အစီအစဉ် (၆၆)

“SECOND WAVE OF COVID – 19 နှင့်
EQUALITY ကြား အားပြိုင်ခြင်း”

တင်ပြသူ

ဒေါ်သုသုဟန်

ယခုအခါ COVID–19 ကူးစက်ရောဂါကို ကာကွယ်ထိန်းချုပ်မှုမှာ ကနဦးတွင် အောင်မြင်မှုများ ရှိနေသော် လည်း second wave တွင် ဗိုင်းရပ်ရောဂါမှာ အရင်ထက် ပိုမိုပျံ့နှံ့လျက် ရှိနေပါတယ်။ Virological ပညာရှင်များ သည် လွန်ခဲ့သောလများကတည်းက Coronavirus Second Wave ကို ကြိုတင် ခန့်မှန်းထားကြပြီး ဖြစ်ပါတယ်။ ကမ္ဘာ့နေရာ အနှံ့အပြားတွင် COVID–19 ကူးစက်မှုဒဏ်ကို မိမိတို့ အများအပြား မြင်နေကြားနေရပါတယ်။ အထူးသဖြင့် Coronavirus Second Wave တွင် မြန်မာနိုင်ငံသည် ကူးစက်မှု စံချိန်အသစ်များနှင့် သေဆုံးမှုမှာ လည်း တစ်နေ့တစ်ခြား မြင့်တက်လာသည်ကိုလည်း မြင်တွေ့နေရပြီ ဖြစ်ပါတယ်။







ဒါ့အပြင် ကမ္ဘာ့နိုင်ငံအများစုတွင် COVID – 19 ကို နှိမ်နင်းရန်အတွက် ကာကွယ်ဆေး အမျိုးအစား ပေါင်း ၁၆၀ ကျော်ကို တီထွင်နေကြပါတယ်။ ဤကာကွယ်ဆေးများ၏ ဘေးကင်းလုံခြုံမှုနှင့် ရေရှည် ကာကွယ်ပေးနိုင်မှု ရှိ/မရှိကိုလည်း စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။





ယခုကဲ့သို့သော COVID-19 အကြပ်အတည်း ကာလမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စီမံခန့်ခွဲမှု အပြောင်းအလဲများ အကြား Integrity and Ethics ဆိုင်ရာ အခြေခံမူများနှင့် အရင်းအမြစ်များကို မလွဲမသွေ စောင့်ထိန်းကြရမှာဖြစ်ပါတယ်။ COVID-19 Second Wave ကာလမှာ ရောဂါကူးစက်ခံရသူနှင့် ဆက်နွယ် ပတ်သက်သူများ (သို့) မိသားစုဝင်များမှာ ရှောင်ပုန်းမနေဘဲ ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် Quarantine ဝင်ခြင်း နှင့် ကုသမှုခံယူခြင်းတို့ကို မှန်ကန်စွာ ဆုံးဖြတ်လုပ်ဆောင်သွားသင့်ပါတယ်။ အဲ့ဒီလို အခြေအနေတွေမှာ ရောဂါ ကာကွယ်တားဆီးရေး၊ ကုသရေးနှင့် ကုသမှုခံယူရေး အပိုင်းတို့တွင် ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိ လိုက်စားမှု အကြား အားပြိုင်မှုတွေကိုလည်း တွေ့ရှိရနိုင်ပါတယ်။









အဲ့ဒါကြောင့် နိုင်ငံ့ဝန်ထမ်းများသည်လည်း ယခုလို COVID-19 SECOND WAVE ကာလမှာ ပုဂ္ဂိုလ်ရေးထက် UTILITARIAN (ကောင်းကျိုးရှေးရှုတဲ့ကျင့်ဝတ်) ကို အလေးထားသင့်ပါတယ်။ အထူးသဖြင့် COVID-19 ကာလ ကျန်းမာရေး အထူးစောင့်ရှောက်မှု ပေးရာတွင် လူနာတွေ အပေါ်ကောင်းမွန်တဲ့ တန်းတူညီမျှတဲ့ ကျင့်ဝတ်စံနှုန်းတွေကို ကာကွယ်နိုင်မလား ဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ လူနာဗဟိုပြု အထူးကြပ်မတ်စောင့်ရှောက်မှု၏ ကျင့်ဝတ်စံနှုန်းများသည် အများပြည်သူ စောင့်ရှောက်မှု ကျင့်ဝတ်များ၏ ကျင့်ဝတ်စံနှုန်းများနှင့် ကွာခြားပါတယ်။ လူတိုင်းအတွက် တန်းတူညီမျှမှုကို မြှင့်တင်တဲ့ အခါမှာ အမှန်တကယ် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သူများ၊ တာဝန်ရှိသူတို့နှင့် ဆက်နွယ်မှုရှိသော ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်သူများအကြား အားပြိုင်မှုကို သတိပြုမိတဲ့အခါ တက်ကြွပါဝင်လှုပ်ရှားသူများနဲ့ ကျန်းမာရေး ဝန်ထမ်းများ၏ ကိုယ်ကျင့်တရားယိုင်နဲ့စေသည့် ပဋိပက္ခများလည်း ရှိလာနိုင်ပါတယ်။

ကမ္ဘာ့ကပ်ရောဂါကာလအတွင်းမှာ
လုံခြုံမှုမရှိခြင်း(သို့) လုံခြုံမှုကင်းမဲ့ခြင်း၊
သင့်လျော်သော စောင့်ရှောက်မှုရယူရန်
အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသလို
ကျန်းမာရေးစောင့်ရှောက်မှု
စနစ်များမှာလည်းပဲ အဂတိလိုက်စားမှုကို
ကြုံတွေ့ရတတ်ပါတယ်။ ဘက်လိုက်မှုနှင့်
ခွဲခြားဆက်ဆံမှုများသည် ပြည်သူ့
ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင်
ခြိမ်းခြောက်မှု တစ်ခုဖြစ်နေပါတယ်။ ဒါ့ကြောင့်
ဝန်ဆောင်မှုရယူသည့် ပြည်သူများအကြား
လူတန်းစား မခွဲခြားဘဲ တန်းတူညီမျှမှုကို
ကာကွယ်ရန်အတွက် ဖြောင့်မတ်
တည်ကြည်မှုမှာ အဓိက ဖြစ်လာပါတယ်။







- ဒါ့အပြင်ကျန်းမာရေးသာတူညီမျှဆိုသည်မှာ-
  “လူတိုင်းသည် ကျန်းမာသန်စွမ်းစေရန်
  တူညီသော အခွင့်အရေးကို ရရှိသင့်ကြောင်း”
  အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ မည်သူမဆို
  COVID-19 ကူးစက်နိုင်ပါတယ်။ အထူးသဖြင့်
  သက်ကြီးရွယ်အိုများနှင့် ပြင်းထန်ဆိုးဝါးတဲ့
  ရောဂါအခံရှိနေသူတွေအနေဖြင့်
  COVID-19 ကူးစက်မှုဒဏ်ကို
  အလွယ်တကူခံစားရနိုင်ပါတယ်။
  ကူးစက်ရောဂါတစ်ခု ဖြစ်ပွားချိန်မှာ
  ကျန်းမာရေးတန်းတူညီမျှရရှိစေရန်အတွက်
  ပုံမှန်အခြေအနေမှာပင် အဂတိကင်းရှင်းတဲ့
  ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွေ
  လိုအပ်ပါတယ်။







ဒါအပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) ရဲ့ တတိယမြောက်ပန်းတိုင် ဖြစ်တဲ့ လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး ပဲ ဖြစ်ပါတယ်။ ယခုလို COVID –19 Second Wave ရဲ့ ရိုက်ခတ်မှုကြောင့် “အရည်အသွေး” ရှိပြီး မရှိမဖြစ် လိုအပ်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိရန်နှင့် အရည်အသွေး ကောင်းမွန်သော မရှိမဖြစ် လိုအပ်သည့် ဆေးဝါးများနှင့် ကာကွယ်ဆေးများ အလုံ အလောက် ရရှိရေးသည် အသက်တမျှ အရေး ကြီးလှပါသည်။







- ယခုဆိုလျှင် COVID-19 ကြောင့် ကျန်းမာရေးနှင့် လူမှုရေးမညီမျှမှုများဖြစ်ပေါ်ပြီး သေဆုံးနိုင်ခြေများပိုမိုမြင့်မားလာစေပါတယ်။ COVID-19 ပြန့်ပွားမှုကို ရပ်တန့်ရန်နှင့် ပိုမိုသာလွန်သော ကျန်းမာရေးသာတူညီမျှ ရရှိစေမှုဆီသို့ ဦးတည်ရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ထိန်းသိမ်းရန် အတူတကွ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ရောဂါဖြစ်ပွားရာ မတူကွဲပြားတဲ့ နေရာဒေသအသီးသီးရဲ့ လိုအပ်ချက်ကို နားလည်ရန်၊ အားလုံးပါဝင်တဲ့ ပြည်သူ့ကျန်းမာရေး လုပ်သားအင်အားကို ဆက်လက်တိုးချဲ့ ဖြည့်ဆည်းရန်နှင့် COVID-19 တုန့်ပြန်မှုမှာ ကျန်းမာရေးသာတူညီမျှမှုကို မြှင့်တင်ရန် အရေးကြီးပါတယ်။







- အချုပ်အားဖြင့်ဆိုသော် ရောဂါကူးစက်ခံရသူ အများစုမှာ ပြန်လည်၍ နာလန်ထူလာကြပြီး ၎င်းတို့ ကိုယ်တိုင်ကြုံတွေ့ရတဲ့ အတွေ့အကြုံတွေကို အများပြည်သူ သိရှိရအောင် မျှဝေပေးနိုင်တဲ့အပြင် ကူးစက်သူများ ပြန်လည်ကျန်းမာလာအောင် စေတနာ အပြည့်ဖြင့် ရှေ့တန်းမှ ဆောင်ရွက်ကြသည့် ကျန်းမာရေးစောင့်ရှောက်သူများကိုလည်း ဂုဏ်ပြုပေးခြင်းဖြင့် ကျန်းမာရေးဝန်ထမ်းများနဲ့ လူနာများအကြား အပြန်အလှန် ယုံကြည်မှုများနှင့် ပျော်ရွှင်ချမ်းမြေ့စေမှုများ ရရှိလာမှာ ဖြစ်ပါတယ်။







Coronavirus Second Wave တွင် ရောဂါကူးစက်မှုနှင့် သေဆုံးမှုတို့သည် ပြည်သူလူထုနှင့် တာဝန်ရှိ အဖွဲ့အစည်း အသီးသီးတို့၏ အားကြိုးမာန်တက် တားဆီးဆောင်ရွက်နေမှုကို အံတုကာ အနိုင်ယူသွားမည်လောဟု သံသယဖြစ်ဖွယ် ရှိနေသော်လည်း နောက်ဆုံးတွင် လူသားအားလုံးကသာ COVID-19 ကပ်ရောဂါကြီးကို အပြီးသတ် ချေမှုန်းအနိုင်ယူကာ အောင်ပွဲဆင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသော ကပ်ရောဂါမျိုးစုံကိုလည်း လူသားတို့ အနိုင်ယူခဲ့ပြီးဖြစ်ပါတယ်။ Coronavirus Second Wave ကာလအတွင်းမှာ ကျန်းမာရေးဝန်ထမ်းများနဲ့ အများပြည်သူအပေါင်းက အပြန်အလှန်ယုံကြည်မှုဖြင့် စည်းကမ်းရှိရှိ ပူးပေါင်းဆောင်ရွက်ရင်း COVID -19 ကပ်ရောဂါကို တိုက်ထုတ်နိုင်ပါစေကြောင်း တောင်းဆုပြုအပ်ပါတယ်။



References

- Sustainable Development Goals (SDGs)
- European Respiratory Society
- WHO
- Photo Credit by Google and Myanmar Time News